# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၈၃)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်

## (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၃)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၆၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၅၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၃)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးကတင်ပြပါမယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၁ ရက်၊

(၂) သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၃) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁ ရက်၊

(၄) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၃ ရက်၊

(၅) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၃ ရက်၊

(၆) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း အစည်းအဝေးပြီးဆုံးသည်ထိ၊

(၇) သဃ်ယန်းကမ်ဆန္ဒနယ်မှ ဦးသိန်းညွန့် အစည်းအဝေးပြီးဆုံးသည်ထိနှင့်

(၈) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၁ ရက်တိုဖြစ်ကြပါတယ်။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**၁၈-၈-၂၀၁၅ ရက်နေ့တွင် ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းသော ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် သြဂုတ်လများတွင် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း သဘာဝရေဘေးအန္တရာယ်ကျရောက်မှုများနှင့် လာမည့် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် ပြင်ဆင်ရမည့်အချိန် အလွန်နီးကပ်နေခြင်းတို့ကြောင့် (၁၂)ကြိမ်မြောက် လွှတ်တော်ပုံမှန်အစည်းအဝေးကို ရပ်ဆိုင်းပေးပါရန် အရေးကြီးအဆိုကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မနေ့က ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း က အရေးကြီးအဆိုတစ်ရပ်တင်သွင်းခဲ့ပါတယ်။ အဆိုကတော့ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် သြဂုတ်လများတွင် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း သဘာဝရေဘေးအန္တရာယ်ကျရောက်မှုများနှင့် လာမည့် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် ပြင်ဆင်ရမည့်အချိန် အလွန်နီးကပ်နေခြင်း

တို့ကြောင့် (၁၂)ကြိမ်မြောက် လတ်တော်ပုံမှန်အစည်းအဝေးကို ရပ်ဆိုင်းပေးပါရန် အရေးကြီးအဆို အဖြစ်တင်ပြခဲ့ပါတယ်။ ဒီတင်ပြချက်အပေါ် လတ်တော်ဥက္ကဋ္ဌအနေနဲ့ ဒီအရေးကြီးအဆိုကို ကြိုဆို ကြောင်း အရေးတကြီးမဖြစ်မနေပြဋ္ဌာန်းရမယ့် ဥပဒေများနှင့် လတ်တော်ဆိုင်ရာကိစရပ်များပြီးစီး အောင်ဆောင်ရွက်ပြီး လတ်တော်အစည်းအဝေးကို ရပ်နားမှာဖြစ်ကြောင်း၊ လတ်တော်ကိုယ်စားလှယ် များ၊ ရေဘေးကယ်ဆယ်ရေး၊ ရေဘေးကာကွယ်ရေးလုပ်ငန်းများနှင့် ရွေးကောက်ပွဲဆိုင်ရာ ကိစရပ်များ နှင့် အခြားအရေးကြီးကိစရပ်များဆောင်ရွက်ရန်ရှိက ခွင့်ယူနိုင်ကြောင်း၊ လတ်တော်ဥက္ကဋ္ဌက ဒီလို ပြန်ကြားခဲ့ပါတယ်။ သို့ရာတွင် ဒီလတ်တော်ဥက္ကဋ္ဌရဲ့ ဆုံးဖြတ်ချက်၊ ပြန်ကြားချက် ဦးသိန်းထွန်းရဲ့ တင်သွင်းတဲ့ အဆိုကို မှတ်တမ်းတင်ထားရှိဖို့ လတ်တော်ကို သဘောထားမေးမြန်းမ ပြုလုပ်ခဲ့ခြင်း မရှိခဲ့ ပါဘူး။ ဒါကြောင့်မို့လို့ ဦးသိန်းထွန်း တင်သွင်းတဲ့အဆိုအပေါ် ကျနော် ဆွေးနွေးဆောင်ရွက်မနှင့် ပတ်သက်ပြီးတော့ လတ်တော်က မှတ်တမ်းတင်ထားရှိရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးသိန်းထွန်းတင်သွင်းတဲ့အဆိုကို လတ်တော်က မှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြန်မာနိုင်ငံနှင့် ဆက်စပ်လျက်ရှိသည့် နယ်စပ်ဒေသများတွင် သက်ဆိုင်ရာနိုင်ငံရှိ ဗဟိုဘဏ်တို့နှင့် MOU ရေးထိုးဆောင်ရွက်ခြင်းမှ နိုင်ငံခြားငွေကြေးရောင်းဝယ်ရေးဘဏ်များ ဖွင့်လှစ်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့် နယ်စပ်ဒေသများတွင် Hundi လုပ်ငန်းများ လွယ်ကူစွာဆောင်ရွက်နိုင်ရန်နှင့် Physical Cash(USD) သယ်ဆောင်ရောင်းဝယ်ခြင်း လျော့ပါးစေရန် စီမံဆောင်ရွက်ထားခြင်းရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ခိုင်ဝင်း(မယ်စဲ့မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဗဟိုဘဏ်နဲ့ ပတ်သက်ပြီးတော့ မေးခွန်းတစ်ခုကိုမေးမြန်းလိုပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ အခန်း(၆) ပုဒ်မ ၄၀ ပုဒ်မခွဲ(ခ)တွင် နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာမူဝါဒကို ဆုံးဖြတ်ခြင်းနှင့် အကောင်အထည် ဖော်ခြင်းဟူ၍ ပြဋ္ဌာန်းထားပါတယ်။ ဗဟိုဘဏ်ရဲ့ဥပဒေကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့ ကတည်းကပင် စတင်အသက်ဝင်ခဲ့ပြီဖြစ်သော်လည်းပဲ နည်းဥပဒေထုတ်ပြန်နိုင်ခြင်းမရှိတာကို ယနေ့ တိုင်တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံနဲ့ဆက်စပ်လျက်ရှိတဲ့ တရုတ်၊ ထိုင်း၊ လာအို၊ အိန္ဒိယ အစရှိတဲ့ဒေသ တွေမှာ အရောင်းအဝယ်ဆောင်ရွက်နေကြတဲ့ ငွေကြေးဈေးကွက်ဟာ တရားဝင်မဟုတ်ဘဲနဲ့ ဝယ်လို အားနှင့်ရောင်းလိုအားအပေါ် ဈေးကစားနိုင်သူများ၏ အချင်းချင်းသတ်မှတ်ချက်ပေါ် မူတည်ပြီး ပြည်တွင်းဈေးကွက်နှုန်းထားနှင့် တူညီမမရှိတာကို တွေ့ရှိရပါတယ်။ ထိုင်းနယ်စပ်ချင်းပင် တစ်နေရာ နှင့်တစ်နေရာတူညီမမရှိပါ။ ဥပမာ- မဲဆောက်၊ မြဝတီနယ်စပ်မှာ မြန်မာငွေ ကျပ်တစ်ရာကို ထိုင်းဘတ် ၂၃ ဘတ်ဖြစ်နေပေမယ့် ကျွန်တော်တို့ မယ်စဲ့အခွန်ရုံး ငွေလဲလှယ်နှုန်းကတော့ ကျပ်တစ်ရာကို ၂၅ ဘတ်ဖြစ်ပေါ်နေပါတယ်။ ဒါ့အပြင် မိမိတို့ဘက်မှ ကုန်သည်က ထိုင်းဘတ်ငွေကိုလိုချင်လျှင် ဈေးက တစ်မျိုး၊ ထိုင်းဘတ်ရောင်းချင်လျှင် တစ်နည်းအားဖြင့် ကျပ်လိုလျှင်ဈေးကတစ်မျိုး အနှိမ်ခံရောင်း ဝယ်နေကြရပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းများမှာ (က) မြန်မာနိုင်ငံနှင့်ဆက်စပ်လျက်ရှိတဲ့ နယ်စပ်ဒေသများတွင် သက်ဆိုင်ရာနိုင်ငံရှိဗဟိုဘဏ်တို့နှင့် MOU ရေးထိုးဆောင်ရွက်ခြင်းမှ နိုင်ငံခြား ငွေကြေးရောင်းဝယ်ရေးဘဏ်များ ဖွင့်လှစ်ပေးမည့်အစီအစဉ်ရှိ/မရှိ၊ (ခ) နယ်စပ်ဒေသများတွင် Hondy လုပ်ငန်းများ လွယ်ကူစွာဆောင်ရွက်နိုင်ပါရန်နှင့် Physical Cash သယ်ဆောင်ရောင်းဝယ် ခြင်းလျော့ပါးစေရန် စီမံဆောင်ရွက်ထားရှိခြင်းရှိ/မရှိ သိရှိလိုပါကြောင်း လတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံဗဟိုဘဏ်က ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဆက်အောင်(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ဦးကျော်ခိုင်ဝင်း၊ မယ်စဲ့မဲဆန္ဒနယ်ရဲ့မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာကျပ်ငွေ တွင်ကျယ်

စွာသုံးနိုင်ရန်နှင့် ကျပ်ငွေလွှယ်လွယ်ကူကူလဲလှယ်နိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေပြီးတော့ ဘဏ်တွေနဲ့ ဘဏ်တွေမဟုတ်တဲ့ကုမဏီ အားလုံးပေါင်း ၇၂၇ ခုကို ငွေလဲလိုင်စင်များ (Money Changer License)ပေးအပ်ထားပြီးဖြစ်ပါတယ်။ အဲဒီ Money Changer License ရထားတဲ့ ဘဏ်တွေနဲ့ ဘဏ်မဟုတ်တဲ့ကုမဏီတွေက မြန်မာနိုင်ငံမှာ ငွေလဲကောင်တာ (Money Changer Counter)တွေဖွင့်လှစ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ဒေသမှာလည်း ငွေလဲကောင်တာတွေ အားလုံးပေါင်း ၁၅ ခုနဲ့ ငွေလဲလှယ်ရေးလုပ်ငန်းများ၊ ရောင်းဝယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါတယ်။ အဲဒီငွေလဲကောင်တာများမှာ US ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာများ အပြင် မလေးရှားရင်းဂစ်နဲ့ ထိုင်းဘတ်ငွေများကိုလည်း တရားဝင်လဲလှယ်ခွင့်ကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေ ပေးထားပြီးသားဖြစ်ပါတယ်။ ဒါ့အပြင် ဆက်လက်ပြီးတော့ နယ်စပ်ဒေသတွေမှာ တစ်ဖက်နိုင်ငံမှာရှိတဲ့ ငွေကြေးနဲ့မြန်မာကျပ်ငွေကို တရားဝင်လဲလှယ်ရောင်းဝယ်နိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ နယ်စပ်ဒေသတွေမှာ အနှိမ်ခံရတဲ့ငွေကြေးလဲလှယ်မအမျိုးမျိုး ကြုံရတဲ့ပြဿနာကနေပြီးတော့ မဖြစ်စေဖို့အတွက် ဒီမြန်မာကျပ်ငွေနဲ့ တစ်ဖက်နိုင်ငံမှာရှိတဲ့ ငွေကြေးနှစ်ခုအကြားမှာ တရားဝင်ငွေလဲလှယ်နိုင်ဖို့သာ လိုအပ်တာကိုတွေ့ရပါတယ်။ ဗဟိုဘဏ်တစ်ခုနှင့်တစ်ခုကြားမှာ MOU ထိုးစရာမလိုကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ဘယ်အချိန်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ ဗဟိုဘဏ်တစ်ခုနဲ့တစ်ခုကြားမှာ MOU ရေးထိုးစရာလိုလာမလဲဆိုလို့ရှိရင် ဥပမာ- မြန်မာကျပ်ငွေနဲ့သော်လည်းကောင်း ဒါမှမဟုတ်ရင် တစ်ဖက်နိုင်ငံမှာရှိတဲ့ တစ်ဖက်နိုင်ငံငွေကြေးနဲ့သော်လည်းကောင်း ကုန်သွယ်မများ ပြုလုပ်မယ်ဆိုလို့ရှိရင်တော့ မြန်မာနိုင်ငံဘဏ်၊ ပြည်တွင်းဘဏ်တွေကနေပြီးတော့ တစ်ဖက်နိုင်ငံမှာရှိတဲ့ ဘဏ်တွေမှာ တစ်ဖက်နိုင်ငံငွေကြေးနဲ့ Nostro Account များကို ဖွင့်ရပါတယ်။ တစ်ချိန်တည်းမှာပဲ တစ်ဖက်နိုင်ငံမှာရှိတဲ့ ဘဏ်တွေကနေပြီးတော့ မြန်မာနိုင်ငံပြည်တွင်းဘဏ်တွေမှာ ၎င်းတို့ရဲ့ Vostro Account များကို မြန်မာကျပ်ငွေနဲ့ဖွင့်ပြီးတော့ ဆောင်ရွက်လေ့ရှိပါတယ်။ အဲဒီအချိန်မှာ ဘယ်လိုဖြစ်တတ်သလဲဆိုရင် တစ်ဖက်နိုင်ငံငွေကြေးနဲ့ ကုန်သွယ်မတွေများလာတဲ့အခါမှာ ပြည်တွင်းဘဏ်တွေရဲ့ တစ်ဖက်နိုင်ငံမှာရှိတဲ့ Nostro Account တွေမှာ တစ်ဖက်နိုင်ငံငွေကြေးရှားပါးမ (Liquidity Shortage) ဆိုတာမျိုးဖြစ်လာနိုင်ပါတယ်။ အဲဒီလိုပဲ မြန်မာငွေကြေးနဲ့ ကုန်သွယ်မတွေများလာတဲ့အခါမှာလည်း တစ်ဖက်နိုင်ငံကဘဏ်က မြန်မာနိုင်ငံမှာရှိတဲ့ Vostro Account တွေမှာ မြန်မာကျပ်ငွေရှားပါးမ (Liquidity Shortage) တွေဖြစ်လာနိုင်ပါတယ်။ အဲဒီလိုဖြစ်လို့ရှိရင် ပြည်တွင်းဘဏ်တွေကနေပြီးတော့၊ မြန်မာနိုင်ငံဗဟိုဘဏ်ကနေပြီးတော့ တစ်ဖက်နိုင်ငံငွေကြေးကို လွယ်ကူစွာချေးယူပြီးတော့ တစ်ဖက်

နိုင်ငံမှာရှိတဲ့ ၎င်းတို့ရဲ့ Nostro Account တွေမှာ ဖြည့်တင်းပေးနိုင်ဖို့လို့အတွက်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ တခြားနိုင်ငံဗဟိုဘဏ်တွေနဲ့ အဲဒီလို MOU ထိုးတဲ့ပုံစံမျိုး ကျန်တော်တို့ခေါ်တာတော့ Currency Swap Agreement လိုပုံစံမျိုးတွေထိုးရတာဖြစ်ပါတယ်။ ဒါပေမဲ့ အခုကိစမှာ နယ်စပ်ဒေသများမှာ အနှိမ်ခံရတဲ့ငွေကြေး လဲလှယ်မအမျိုးမျိုးမဖြစ်စေဖို့အတွက် နှစ်နိုင်ငံ၊ နှစ်နိုင်ငံဆိုတာ မြန်မာကျပ်ငွေကြေးနဲ့ တစ်ဖက်နိုင်ငံမှာရှိတဲ့ငွေကြေး တရားဝင်လဲလှယ်ရောင်းဝယ်နိုင်ဖို့သာလိုအပ်တာကို တွေ့ရှိရတဲ့အတွက် ဗဟိုဘဏ်အချင်းချင်း MOU ထိုးစရာမလိုသလို နိုင်ငံခြားငွေကြေးရောင်းဝယ်ရေးဘဏ်များလည်း ဖွင့်လှစ်စရာမလိုကြောင်းကိုလည်း တင်ပြအပ်ပါတယ်။

နောက်ပြီးတော့ နယ်စပ်ဒေသများမှာ Hundi လုပ်ငန်းများ လွယ်ကူစွာဆောင်ရွက်ရန်အဆိုနဲ့ ပတ်သက်ပြီးတော့ တင်ပြရာမှာ Hundi လုပ်ငန်းဆိုတာကတော့ နိုင်ငံတော်တော်များများမှာ Hundi လို့လည်းခေါ်ကြပါတယ်။ တချို့နိုင်ငံမှာ Hawalah လို့လည်းခေါ်ကြပါတယ်။ အဲဒီ Hundi ခေါ် Hawalah လုပ်ငန်းတွေကတော့ တရားမဝင်ငွေလဲတဲ့လုပ်ငန်းများဖြစ်တဲ့အတွက် နိုင်ငံတကာမှာ Hundi လုပ်ငန်းတွေကိုမပြုလုပ်ဖို့ အမြောက်အမြားတားမြစ်ထားတာကိုလည်း တွေ့ရှိရတာဖြစ်ပါတယ်။ အဲဒါကြောင့်မို့ မြန်မာနိုင်ငံမှာလည်း Hondy လုပ်ငန်းတွေကို အားမပေးဘဲနဲ့ ဘဏ်တွေကတစ်ဆင့်သာ တရားဝင်ငွေလဲလှယ်နိုင်ဖို့၊ အားပေးသင့်ပါတယ်။ ဘဏ်တွေကတစ်ဆင့် ငွေလဲလှယ်မပြုလုပ်နိုင်ဖို့ရာမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဘဏ်ခွဲတွေကို အရေအတွက်အများကြီး ဖွင့်ပေးနိုင်ဖို့လို့ကိုလည်း ခွင့်ပြုထားပြီးဖြစ်သလို ဆက်လက်၍ ခွင့်ပြုထား၊ ခွင့်ပြုနေလျက်ရှိပါတယ်။ ဒါ့အပြင် ပြည်တွင်းဘဏ်များ၊ ဘဏ်ခွဲများကနေပြီးတော့ ပြည်ပဘဏ်ခွဲများနဲ့ Nostro Account, Vostro Account တွေဖွင့်ပြီးတော့ ကုန်သွယ်မတွေကို တရားဝင်ဘဏ်တွေကတစ်ဆင့် လုပ်နိုင်ဖို့ကလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေပြီးတော့ ခွင့်ပြုပေးလျက်ရှိပါတယ်။ ဒါ့အပြင် နယ်စပ်ဒေသတွေကို ငွေလဲတဲ့အခါမှာလည်း ဘဏ်တွေကတစ်ဆင့် ငွေလဲခြင်း၊ နောင်ကျလို့ရှိရင် Mobile Payment ကတစ်ဆင့် ငွေလဲခြင်းများကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆောင်ရွက်လျက်ရှိပါတယ်။ ယခုလောလောဆယ်မှာ ဘဏ်ခွဲပေါင်း ၁၀၈ ကျော်မှာ နိုင်ငံတကာဘဏ်လုပ်ငန်းဆောင်ရွက်နိုင်ရန် ခွင့်ပြုထားပြီး ဘဏ်ခွဲ(၇)ခုမှ နယ်စပ်ဒေသများတွင် ဆက်လက်ပြီးတော့ နိုင်ငံတကာဘဏ်လုပ်ငန်းများလုပ်ကိုင်လျက်ရှိပါတယ်။

နောက်ပြီးတော့ တရားဝင်ကုန်သွယ်မ ပြုလုပ်တဲ့အချိန်မှာ Physical Dollar Cash ကို သယ်သွားစရာမလိုပါဘူးခင်ဗျား။ တရားဝင်ကုန်သွယ်မပြုလုပ်တဲ့အခါမှာ ပြည်တွင်းဘဏ်နဲ့ပြည်ပဘဏ်

နှစ်ခုကြားမှာ Letter of Credit ဆိုတဲ့ LC များဖွင့်ခြင်း၊ Telex Transfer ဆိုတဲ့ TT များ လဲပို့ခြင်းနဲ့ တရားဝင်ကုန်သွယ်မှုလုပ်ငန်းကို လုပ်နိုင်တာကိုတွေ့ရှိရပါတယ်။ ဒါ့အပြင် တစ်ဖက်နိုင်ငံငွေကြေးနဲ့ တရားဝင်ကုန်သွယ်မပြုတဲ့အခါမှာလည်း မြန်မာနိုင်ငံက ဘဏ်ခွဲအချို့ကနေပြီးတော့ တစ်ဖက်နိုင်ငံမှာ ရှိတဲ့ဘဏ်ခွဲတွေမှာ Nostro Account တွေဖွင့်ပြီးတော့ Online Internet Banking System များ နဲ့ ကုန်သွယ်ရေးများကိုလည်း တရားဝင်ပြုလုပ်လျက်ရှိတဲ့အတွက် တကယ် တရားဝင်ကုန်သွယ်မ ပြုလုပ်တဲ့အခါမှာ Dollar Cash ကို သယ်ဆောင်သွားစရာမလိုဘူးဆိုတာကိုလည်း တင်ပြအပ်ပါတယ်။ နိုင်ငံတကာငွေလဲအနေနဲ့ ပြောရလို့ရှိရင် နိုင်ငံတကာငွေလဲတွေကို ဘဏ်ကနေပြီးတော့ တရားဝင် လုပ်ဆောင်နိုင်ပြီဖြစ်ပါတယ်။ Western Union, Money Gram, Money express စတဲ့ နိုင်ငံတကာ ငွေလဲလုပ်ငန်းကြီးတွေကနေပြီးတော့လည်း ပြည်တွင်းဘဏ်များနဲ့ပူးပေါင်းပြီးတော့ နိုင်ငံတကာငွေလဲ လုပ်ငန်းများကို လုပ်နေလျက်ရှိပါတယ်။ အဲဒါကြောင့်မို့ ၂၀၁၅ ခုနှစ် ဇူလိုင်လအထိ နိုင်ငံတကာငွေလဲလုပ်ငန်းများကနေပြီးတော့ တရားဝင် US Dollar ပေါင်း ၄၉၉ သန်းကျော်ကို လဲပို့ပြီးသားဖြစ်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ နောက်ပြီးတော့ နိုင်ငံတကာငွေလဲ လုပ်ငန်းတွေ အားလုံး အဆင်ပြေဖို့ကလည်း မြန်မာနိုင်ငံပြည်တွင်းဘဏ်များကလည်း တခြားနိုင်ငံများမှာ၊ ပြည်ပ နိုင်ငံများမှာ အထူးသဖြင့် ASEAN နိုင်ငံတွေမှာ သွားရောက်ပြီးတော့ ဖွင့်လှစ်ဖို့ကလည်း စီစဉ် လျက်ရှိပါတယ်။ ဒါ့အပြင် ATM Machine တွေ ဥပမာဆိုရင် မြန်မာအလုပ်သမားတွေ အများဆုံး ရှိနေတဲ့ ထိုင်းနိုင်ငံ ဆမော့ဆခွန်၊ မဟာချိုင်လိုနေရာမျိုးမှာ ထိုင်းဘဏ်တွေရဲ့ ATM Machine တွေ တော်တော်များများမှာ မြန်မာဘာသာစကားတွေ ထည့်ထားတာကိုလည်း တွေ့ရှိရပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံသားတွေက ထိုင်းနိုင်ငံ အဲဒီနေရာတွေက ATM Machine ကနေတစ်ဆင့် ထိုင်းဘဏ် တွေမှာ ငွေစာရင်း Account ဖွင့်စရာလုံးဝမလိုဘဲ ATM Machine တွေတစ်ဆင့် မြန်မာနိုင်ငံကို ငွေလဲပို့လို့ရနေပြီဖြစ်ကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ နောင်ကျလို့ရှိရင် ပြည်တွင်းမှာသုံးတဲ့ Mobile Payment အပြင် နိုင်ငံဖြတ်ကျော်တဲ့ Cross -Border Mobile Payment တွေကိုလည်း အားလုံးပြုလုပ်နိုင်အောင်လို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေပြီးတော့ စီစဉ်ဆောင်ရွက်လျက်ရှိ ကြောင်းကို လေးစားစွာဖြင့်ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဦးကျော်ခိုင်ဝင်း(မယ်စဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၄၄ နည်းဥပဒေခွဲ(ဃ)အရ ဆက်စပ်မေးခွန်းကိုမေးမြန်းလိုပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ဥပဒေပြဋ္ဌာန်းပြီးပါက ရက်ပေါင်း ၉၀ အတွင်း နည်းဥပဒေ ပြဋ္ဌာန်းရမယ်လို့

ဆိုသော်လည်းပဲ ဗဟိုဘဏ်ဟာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်အဖြစ် သတ်မှတ်ခြင်းခံထားရတာကို နားလည်ပါတယ်။ ဒါကြောင့်မို့လို့ ဗဟိုဘဏ်ရဲ့နည်းဥပဒေဟာ အဘယ်ကြောင့်ပြဋ္ဌာန်းနိုင်ခြင်းမရှိသေးတာကို သိရှိလိုပါကြောင်း လတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဦးဆက်အောင်(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်တော့်အနေနဲ့ ဖြေရမယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံက Common Law ကို ကျင့်သုံးတဲ့နိုင်ငံ ဖြစ်ပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာ အမြဲတမ်းလိုလို ကျန်တော်တို့က ဥပဒေပြီးလို့ရှိရင် နည်းဥပဒေလာကိုလာရမယ်ဆိုပြီးတော့ ကျန်တော်တို့ ထင်မှတ်ထားတာတွေရှိပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ ပတ်သက်တဲ့ ဗဟိုဘဏ်ဥပဒေအပြင် အခြားဥပဒေတွေကို နိုင်ငံတကာ ကမ္ဘာ့ဘဏ် (World Bank) လိုမျိုး၊ နောက် ADB လိုမျိုး၊ IMF လိုမျိုးဆိုတဲ့ နိုင်ငံတကာအဖွဲ့အစည်းကြီးတွေက Legal Consultant တွေ အကုန်လုံးနဲ့ ဆွေးနွေးပြီးတော့ ရေးဆွဲခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ Common Law တွေ ကျင့်သုံးတဲ့ နိုင်ငံတွေမှာ ဥပဒေပြီးလို့ရှိရင် နည်းဥပဒေလာကိုလာရမယ်ဆိုတဲ့ စနစ်မရှိကြောင်းကိုလည်း နိုင်ငံတကာဥပဒေပညာရှင်များက ကျန်တော်တို့ကို ထောက်ပြထားတာရှိပါတယ်။ အဲဒါကြောင့်မို့လို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ Law ပြီးလို့ရှိရင် Rule ဆိုတာမလာဘဲနဲ့ Regulation တွေနဲ့ Enforcement ကိုရအောင် ယူသွားနိုင်တယ်ဆိုပြီးတော့ နိုင်ငံတကာဥပဒေပညာရှင်များက Common Law တွေမှာ ကျင့်သုံးတာ ဒီလိုပုံစံမျိုးကျင့်သုံးနိုင်တယ် ဆိုပြီးတော့ ပြောတဲ့အတွက် ကျန်တော်တို့အနေနဲ့ နည်းဥပဒေမထုတ်ဘဲနဲ့ Regulation ဆိုတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ဥပဒေကို Enforcement ရအောင်ယူထားခြင်း ဖြစ်ပါကြောင်းကို လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့များ၏ ပိုလျံနေသော လယ်ယာထွက်ကုန်သီးနှံများဖြစ်သည့် စပါး၊ ဆန်၊ ပြောင်း၊ ရော်ဘာနှင့် အခြားသီးနှံများအား တရုတ်နယ်စပ်သို့ သွားရောက်ရောင်းချခွင့် ရ/မရနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းကျောက်၊ မိုင်းဖြတ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျောက်(မိုင်းဖြတ်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ဧည့်သည်များအားလုံးကို ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မဲဆန္ဒနယ် ပြည်သူ့

လတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသမှာ လယ်ယာခြံထွက်သီးနှံများဈေးကွက်အတွင်းသို့ ဝင်ရောက်ပို့ဆောင်နိုင်ရေးနှင့် ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ်များနဲ့ မိုင်းဖြတ်မြို့အပါအဝင် လယ်သမား တောင်ယာ၊ ခြံနှင့် နှစ်ရှည်ပင်စိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုသော လူတန်းစားမှာ ၇၀ ရာခိုင်နှုန်းကျော်ခန့် ရှိပါတယ်။ ယခုအခါ ပါတီစုံဒီမိုကရေစီနဲ့ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးတဲ့ အစိုးရသစ်လက်ထက်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းအောင်မြင် ဖူလုံစေသည့်အပြင် ပိုလျှံနိုင်ရေးအတွက် ငွေအား၊ ပစ္စည်းအား၊ နည်းပညာများပါမကျန် ကူညီဆောင်ရွက်လျက်ရှိပါတယ်။ တောင်သူလယ်သမားများ၊ လက်လုပ်လက်စားသမားများအားလုံး ဝမ်းသာကြည်နူး ကျေးဇူးတင်လျက်ရှိပါတယ်။ အထူးသဖြင့် လယ်ယာကဏ္ဍမှာ လက်မှုလယ်ယာဘဝမှ စက်မှုလယ်ယာဘဝသို့ အရှိန်အဟုန်ဖြင့် တွန်းအားပေးဆောင်ရွက်နေသည်နှင့်အမျှ မျက်နှာစာအသီးသီးမှာ ထွက်ကုန်များလည်း လုံလောက်တဲ့အပြင် ပိုလျှံထွက်ရှိလျက်ရှိပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းဖြတ်မြို့အပါအဝင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့များအဖြစ် ပိုလျှံနေသော လယ်ယာထွက်ကုန် ဆန်၊ စပါး၊ ပြောင်း၊ ဥက်ပျော၊ ဖရဲ၊ ဖရုံ၊ ရော်ဘာစသည့် အခြားသီးနှံများကို ဝယ်လိုအားကောင်းပြီး မဟာဈေးကွက်ကြီးဖြစ်တဲ့ တရုတ်နိုင်ငံသို့ မိုင်းလား၊ မိုင်းယုလမ်းကြောင်းဖြင့် တစ်ပိုင်တစ်နိုင် နှစ်စဉ်သွားရောက်ရောင်းချကြပါတယ်။ ၎င်းမှ ရသောဝင်ငွေဖြင့် သာရေးနာရေး၊ ပညာရေး၊ ပြန်လည်စိုက်ပျိုးရေးအရင်းအနှီးများပါ ရရှိပါသဖြင့် ပုံမှန်လည်ပတ်နေပါတယ်။ သို့ပါသော်လည်း လွန်ခဲ့သော ဖေဖော်ဝါရီလ ၉ ရက်နေ့မှာစတင်ပြီး မြန်မာ့တပ်မတော်နှင့် ကိုးကန့်လက်နက်ကိုင်များ တိုက်ပွဲဖြစ်ခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့မှ အဆိုပါ လယ်ယာထွက်ကုန်ပစ္စည်း သွားရောက်ရောင်းချရန် စည်းကြပ်တားမြစ်ခဲ့ပါတယ်။ စစ်ရေးအမြင်ဖြင့်ကြည့်လျှင် မှန်ကန်သည့်အပြင် ပါဝင်ဆောင်ရွက်ရမည့် တာဝန်လည်းရှိပါတယ်။ တခြားတစ်ဖက် ဈေးကွက်ဖြစ်သော ယိုးဒယားကို ချိန်ထိုးရောင်းချသော်လည်း လက်ခံဝယ်ယူခြင်းမရှိပါ။ ယခုလို စိုက်ပျိုးချိန်နှင့် စိုက်ပျိုးချိန်ရာသီမှာ လာမယ့်ရိတ်သိမ်းရာသီတွေမှာ တောင်သူလယ်သမားများအားလုံးနီးပါး အခက်ကြုံတွေ့နေရပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေလည်း ယနေ့ထိ ထုတ်ပေးနိုင်တဲ့အစီအစဉ် မရှိသေးပါ။ သို့ဖြစ်ပါ၍ ဇွန်လ ၁၀ ရက်နေ့တွင် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ပြီးဖြစ်သည့်အတွက် တရုတ်နိုင်ငံအနေဖြင့်လည်း ကြိုဆိုကြောင်းသတင်းများအရ သိရှိရပါသည်။ ထို့ကြောင့် ယခင်

နှစ်များလို တရုတ်နယ်စပ်သို့ လယ်ယာထွက်သီးနှံများ သွားရောက်ရောင်းချခွင့် ရ/မရ အများပြည်သူများ၏ ကိုယ်စားတင်ပြမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျန်တော်ကတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းဖြစ်ပြီးတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်၏ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်၊ မိုင်းဆတ်ခရိုင်၊ မိုင်းဖြတ်ခရိုင်များမှ စိုက်ပျိုးထွက်ရှိသော စပါး၊ ဆန်များဟာ ဒေသထွက်ရှိမှု၊ စားသုံးမှုစာရင်းဇယားများအရ ပိုလျှံမှုမရှိတဲ့အတွက်ကြောင့်မို့လို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ပြုထားခဲ့ပါတယ်။

အလားတူ ဒေသထွက် ပဲ၊ ပြောင်း၊ နှမ်းတို့ကိုလည်း ရှမ်းပြည်နယ်ရှိ တာချီလိတ်၊ ကျိုင်းတုံစခန်းများမှတစ်ဆင့် မိုင်းလားထွက်ပေါက်မှ တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ပြုထားခဲ့ပါတယ်။ ထို့အပြင် ၎င်းဒေသမှာရှိတဲ့ ဒေသရှိကုန်သည်လုပ်ငန်းရှင်များ၏ တင်ပြချက်အရ မိုင်းလားမှတစ်ဆင့် တင်ပို့လိုသောဒေသထွက် ရော်ဘာ၊ ဝဥခြောက်၊ လက်ဖက်ခြောက်၊ မျစ်ခြောက်၊ တစ်သျှူးငှက်ပျော်၊ ဖရဲသီး၊ မြေပဲဆံ၊ ဖရုံသီးတို့ကိုလည်းကောင်း၊ ဒေသသုံးအဖြစ် တင်သွင်းလိုသည့် သွင်းကုန်ပစ္စည်းများကိုလည်းကောင်း တင်ပို့/တင်သွင်းခွင့် ပြုထားခဲ့ပြီးဖြစ်ပါတယ်။ သို့သော် ဆန်တင်ပို့မှုနှင့်ပတ်သက်၍ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းမှာ တာချီလိတ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဝမ်ကောင်းမူကျေးရွာသို့ သယ်ဆောင်ရန် အကြောင်းပြ၍ ဆန်တင်ယာဉ်များ ဝင်ရောက်မရှိလာသဖြင့် စိစစ်သုံးသပ်ရာမှာ တာချီလိတ်ဒေသသည် ဆန်ပိုဒေသမဟုတ်သည့်အပြင် ပြည်တွင်းမှ ဆန်များဝယ်ယူစားသုံးနေသော ဒေသဖြစ်ခြင်း၊ တာချီလိတ်မှ ဆန်ကိုအဆိုပါရွာများသို့ ယခင်က သယ်ဆောင်လေ့မရှိခြင်း၊ ၎င်းသယ်ဆောင်လာသည့် ဆန်များသည် ဝမ်ကောင်းမူမှ ကျိုင်းတုံ၊ မိုင်းလားဒေသများသို့ သယ်ဆောင်မည်ဟု သတင်းများရရှိပြီး လောက်ကိုင်းဒေသအတွက် ရိက္ခာစုဆောင်းသည်ဟု သံသယ

**မူကြမ်း**

ရှိခြင်း၊ အဆိုပါ ယာဉ်အုပ်စုဖြင့် စုဆောင်းသယ်ဆောင်လာသော ဆန်များကို မဲခေါင်မြစ်ကြောင်း အတိုင်း ဆွပ်ပလွေ(မိုင်းလား)သို့လည်းကောင်း၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းယုမှတစ်ဆင့် ဝ နယ်မြေ သို့လည်ကောင်း၊ မိုင်းလားသို့လည်းကောင်း သယ်ဆောင်မပြုနိုင်ပြီး ၎င်းနေရာများမှတစ်ဆင့် မြန်မာ-တရုတ်နယ်စပ်တစ်လျှောက် သယ်ဆောင်နိုင်တဲ့ အနေအထားများဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပြီး လမ်းညွှန်ချက်အရ မိုင်းလားမှတစ်ဆင့် ဆန်တင်ပို့မအား ရပ်ဆိုင်းထားခဲ့ခြင်းဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ စုစုပေါင်း စပါးစိုက်ဧက ၃၁၄၈၄၅ ဧကမှ စပါးတင်းပေါင်း ၂၄၁.၅၅ သိန်းထွက်ရှိပြီးတော့ မျိုး၊ အလေအလွင့်၊ စားသုံးမအပါအဝင် သုံးစွဲမစပါးတင်းပေါင်း ၁၆၄.၃၂ သိန်း နုတ်ပယ်ပါက ပိုလျံစပါးတင်း ၇၆.၂၃ သိန်းခန့် (ညီမျှဆန်တန်ချိန် ၇၆၀၀၀ ခန့်) ရှိကြောင်း၊ ဒေသထွက်ဆန်များ တရုတ်နိုင်ငံသို့ တင်ပို့မှာ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ဆန်တန်ချိန် ၆၀၀၀၊ ၂၀၁၃-၂၀၁၄ မှာ ၁၀၃၁၃ တန်၊ ၂၀၁၄-၂၀၁၅ မှာ ၁၆၅၄၇ တန် ရှိတာကို တွေ့ရှိရတာဖြစ် ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်အမယ်ဖြစ်တဲ့ ဆန်အားမူ အားဖြင့် တင်ပို့ခွင့်ပြုထားပြီးဖြစ်သဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဒေသထွက် ဆန်များ ပြန်လည်တင်ပို့နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရတို့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ် (အရှေ့ ပိုင်း)ဒေသထွက် ပိုလျှံသည့်ဆန်များတင်ပို့မအား ၎င်းဒေသနိုင်ငံရေး၊ လုံခြုံရေးအခြေအနေများအပြင် ယခု လက်ရှိကြုံတွေ့ခံစားနေရတဲ့ သဘာဝဘေးအန္တရာယ်များကြောင့် ဆန်စပါးစိုက်ပျိုး ထွက်ရှိမ အပေါ်မူတည်၍ နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဒေသထွက် ရော်ဘာ၊ သစ်သီးဝလံနှင့် အခြားဒေသထွက်ပစ္စည်းများကိုမူ ကုန်သွယ်မလုပ်ထုံးလုပ်နည်း များနှင့်အညီ လွတ်လပ်စွာရောင်းဝယ်ခွင့် ပြုထားလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ထပ်ဆင့်မေးပါ။

**ဦးစိုင်းကျော်(မိုင်းဖြတ်မဲဆန္ဒနယ်)**။ ။လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းလေး မေးမြန်းပါရစေ။ မြန်မာ့အလင်းသတင်းစာ ဇွန်လ ၂၄ ရက်နေ့ထုတ်တဲ့ မြန်မာ့အလင်း သတင်းစာ

ထဲမှာလည်း ပါပါတယ်။ ကျနော်တို့ကျိုင်းတုံဒေသမှာ ထွက်ရှိတဲ့ စပါးတွေက ယခုလို ပိတ်ဆို့မခံရတဲ့အတွက် ဒီစပါးတစ်တင်းကို ကျပ်လေးထောင်သာ ရရှိတဲ့အကြောင်း ဖော်ပြထားပါတယ်။ ဒါကြောင့်မို့လို့ လယ်စိုက်တစ်ဧကကို ကျပ်ရှစ်သောင်းလောက် နစ်နာဆုံးရှုံးနေတဲ့ အနေအထားမှာ ရှိပါတယ်။ ဒါကြောင့် ယခုဖြစ်တဲ့ဖြစ်စဉ်တွေ၊ ဝန်ကြီးဖြေကြားသွားတာလည်း ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့လည်း ဒီထွက်ရှိတဲ့ စပါးတွေကို ယခင်အစိုးရသစ်လက်ထက်ကနေပြီးတော့ ယနေ့ လောက်ကိုင်အရေးအခင်း မဖြစ်ခင်ကာလအတွင်းအခြေအနေကို ဖြေလျှော့ပေးနိုင်ခြင်းရှိ/မရှိ အဲဒါ မေးမြန်းလိုပါတယ်။ ဒါမှလည်း ဒီမဲဆန္ဒရှင်များအားလုံးလည်း ၂၀၁၀ ရွေးကောက်ပွဲမှာ စိတ်အားထက်သန်စွာနဲ့ ပါဝင်ဆင်နွှဲနိုင်မှာဖြစ်တဲ့အကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်၏ ထပ်ဆင့်မေးခွန်းနဲ့ပတ်သက်၍ ကျနော်၏အဖြေမှာလည်း ယခု ယာယီကျနော်တို့ ဒါဆန်တင်ပို့မကို တရုတ်နိုင်ငံကို ပိတ်ပင်ထားခြင်းမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသမှာ မကပါဘူး။ မူဆယ်ဒေသကနေထွက်တဲ့လမ်းကြောင်းကနေတစ်ဆင့် တင်ပို့မှုကိုလည်း ယာယီဆိုင်းငံ့ထားရှိပါတယ်။ ဒါအချိန်ကာလတစ်လ၊ နှစ်လခန့် စောင့်ကြည့်ပြီးတော့ လက်ရှိဖြစ်ပေါ်နေတဲ့ သဘာဝဘေးအန္တရာယ်တွေကြောင့် စပါး၊ ဆန်စပါးစိုက်ပျိုးထွက်ရှိမတွေကို ပြန်လည်သုံးသပ်ပြီးတော့ ကျနော်တို့ ပိုလျှံမယ့်၊ နောက်နှစ်မှာ ပိုလျှံမယ့်အနေအထားရှိတယ်ဆိုလို့ရှိရင် ကျနော်တို့ ပြန်လည်ပြီးတော့ ခွင့်ပြုသွားဖို့ စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဒေသမှာလည်းပဲ ထုံးစံအတိုင်းပဲ စိုက်ပျိုးထွက်ရှိမနဲ့ ဒေသစားသုံးမတို့ကို ပြန်လည်တွက်ချက်ပြီးတော့ ပိုလျှံမရှိရင်တော့ ကျနော်ဖြေကြားတဲ့အတိုင်းပဲ ဒေသ၊ နိုင်ငံလုံခြုံရေး အခြေအနေအပေါ်မူတည်ပြီးတော့ ဆက်လက်ပြီးတော့ ခွင့်ပြုဆောင်ရွက်သွားဖို့ကို ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းကို ထပ်မံဖြေကြားအပ်ပါတယ်ခင်ဗျား။

**မြန်အောင်မြို့နယ်၊ ကဲ့တဲကုန်းကျေးရွာအုပ်စု၊ အင်ပင်- ကနောင်လမ်းပေါ်ရှိ ဂျမ်းချောင်းသစ်သားတံတားကို ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(မြန်အောင်မဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဝန်ကြီးများ၊ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာခင်ဗျား။ ကျနော်ကတော့ မြန်အောင်

မဲဆန္ဒနယ်က ဦးကျော်မြင့်ဖြစ်ပါတယ်။ ကျနော့်ရဲ့ မြန်အောင်မဲဆန္ဒနယ်ထဲမှာ မြို့နယ်ခွဲ ၂ ခုရှိပါတယ်။ တစ်ခုကတော့ အင်ပင်မြို့၊ တစ်ခုကတော့ ကနောင်မြို့။ အင်ပင်မြို့ဟာဆိုလို့ရှိရင် ရထားလမ်းမှာရှိတဲ့ ကုန်းတွင်းပိုင်းမြို့၊ ကနောင်မြို့ဟာဆိုလို့ရှိရင် မြစ်ကမ်းနားဖူးမှာရှိတဲ့မြို့ ဖြစ်ပါတယ်။ ဒီမြို့ ၂ မြို့ ကိုဆက်သွယ်ထားတဲ့ ဟိုတုန်းကဆိုရင် ဒိစတြိတ်ကောင်စီလမ်း အခုဆိုလို့ရှိရင် မိုးရေနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက တာဝန်ယူတဲ့လမ်းရှိပါတယ်။ ဒီလမ်းကို ကျနော်တို့ ဆက်သွယ်တဲ့နေရာမှာ ကဲတဲကုန်းအုပ်စုမှာ ဂျမ်းချောင်းဆိုတာရှိပါတယ်။ အဲဒီဂျမ်းချောင်းဟာ ပေ ၂၀၀ ကျော်ရှည်ပါတယ်။ ဒီပေ ၂၀၀ ကျော်ရှည်တဲ့ချောင်းကို ပေ ၉၀ ခန့် အရှည်ရှိတဲ့ သစ်သား တံတားနဲ့ ဆက်သွယ်ထားပါတယ်။ ဒီတံတားဟာဆိုလို့ရှိရင် မနှစ်ကတုန်းက ကားသွားလို့ ကျိုးကျသွား ပါတယ်။ ဒါကိုပြန်လည်ပြင်ဆင်ထားရပါတယ်။ အခုအချိန်မှာဆိုလို့ရှိရင် ဒီတံတားပေါ်ကို ကားတွေသွားလို့ မရပါဘူး။ ထော်လာဂျီတွေ၊ ဝွန်ဒေါင်းတွေသွားလို့မရပါဘူး။ ကုန်နဲ့သွားမယ်ဆိုလို့ရှိရင် ကုန်တွေကို ချပြီးတော့ တစ်ဖက်လူတွေနဲ့သယ်ရပါတယ်။ အဲဒီလိုသယ်ပြီးတော့မှ ကားက အလွတ်ကြည့်ပဲ မောင်းလို့ရပါတယ်။ ဒီတံတားဟာ အင်မတန်လည်း အရေးကြီးတဲ့တံတားဖြစ်ပါတယ်။ အခုဆိုလို့ရှိရင် ကျနော်တို့မြစ်ရေတွေကြီးလို့၊ ရေတွေလျံလို့ ဒီတံတားပတ်ဝန်းကျင်မှာဆိုလို့ရှိရင် ရေတွေနစ်မြုပ်တာတွေရှိပါတယ်။ ဒီချောင်းကြီးဟာ ပေ ၂၀၀ ကျော်ကျယ်တဲ့ချောင်းကြီးကို သစ်သားတံတားလေးနဲ့ ပေ ၉၀ ခန့်လုပ်ထားတဲ့အတွက် ဒီလမ်းပေါ်တွေမှာလည်း ရေတွေလျံပြီးတော့ နစ်မြုပ်ပါတယ်။ ဒါကြောင့် မို့လို့ ဒီတံတားဟာ အင်မတန်အရေးကြီးတဲ့တံတားဖြစ်တဲ့အတွက် မေးခွန်း(၁)အနေနဲ့ ကျနော်တို့ ဒီတံတားကို အခုဘတ်ဂျက်နှစ်မှာ RE မှာပါဝင်ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ အကယ်၍ မရှိဘူးဆိုလို့ရှိရင်လည်း လာမယ်ဘတ်ဂျက်မှာ ထည့်သွင်းစဉ်းစားပေးဖို့အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော့ ကိုယ်စိတ်စ်စ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျနော် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်ငွေမှ ဧရာဝတီတိုင်းဒေသ

ကြီး၊ မြန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ရဲ့ မေးခွန်းနှင့်ပတ်သက်လို့ တင်ပြမှာဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ကဲ့တဲ့ကုန်းကျေးရွာအုပ်စု၊ အင်ပင်-ကနောင် ဆက်သွယ်ရေးလမ်းပေါ်ရှိ ဂျမ်း ချောင်းသစ်သားတံတားဟာ လက်ရှိပေ ၉၀ အရှည်ရှိပြီး တော့ ၊ အကျယ်က ၁၁ ပေ၊ အမြင့် ၁၂ ပေရှိပါတယ်။ ကျေးရွာ ၆ ရွာ၊ အိမ်ခြေ ၅၈၀၄၊ လူဦးရေ ၂၃၇၄၁ ဦးကျော်ကို အကျိုးပြုပါတယ်ခင်ဗျား။ တံတား၏ လက်ရှိဖြတ်သန်းမအခြေအနေကတော့ ချောင်းအကျယ် ပေ ၂၂၀ ခန့်ဖြစ်တဲ့အတွက်ကြောင့် ဘေးနှစ်ဘက်မှာမြေသားတမံ ခန်းပွင့်ကျဉ်းပြီး တော့ ဆောက်လုပ်ထားသောကြောင့် မိုးရာသီမှာ တံတား ပေါ် ပေ ၃ ပေခန့် ရေတက်တယ်လို့သိရ ပါတယ်။ အဆိုပါတံတားကို အသစ်ဆောက် မည်ဆိုလို့ရှိရင် ကမ်းကပ်ခုံကိုနောက်ဆုတ်ပြီးတော့ ပေ ၂၀၀ သံကူကွန်ကရစ်တိုင်၊ သံဘောင်ယက်မ၊ သစ်သားကြမ်းခင်းတံတားအမျိုးအစား တည်ဆောက် လို့ရှိရင် ခန့်မှန်းကုန်ကျငွေ ၁၄၃ သန်းခန့် ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်ခင်ဗျား။

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ ကျန်တော်တို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ၁၄၁၆၈ သန်းဖြင့် လမ်းတံတားများကို ခွင့်ပြုပေးထားပါတယ်ခင်ဗျား။ မြန်အောင်မြို့နယ် အနေနဲ့ တင်ပြရမယ်ဆိုရင်တော့ ကျန်တော်တို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ၁၃၂.၄၃ သန်း လမ်းတံတားများဖြင့် ခွင့်ပြုထားတာရှိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထား တဲ့ မြန်အောင်မြို့နယ်အတွင်းမှာရှိတဲ့ ကဲ့တဲကုန်းကျေးရွာအုပ်စု၊ အင်ပင်- ကနောင် ဆက်သွယ်ရေး လမ်းပေါ်မှာရှိတဲ့ ဂျမ်းချောင်းသစ်သားတံတားကို ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ဖို့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာတော့ လျာထားထားခြင်းမရှိသေးပါကြောင်းနှင့် ၂၀၁၆-၂၀၁၇ မှာ ဘဏ္ဍာရေးနှစ်မှာ လျာထားပြီးတင်ပြပေးပါမယ်ခင်ဗျား။ ခွင့်ပြုချက်ရရင်တော့ ဆက်လက်ပြီးဆောင် ရွက်ပေးမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**သံတွဲ- ကျိန္တလီ ၆၆ ကေဗီဓာတ်အားလိုင်းဖြတ်သန်းသွားသည့် သံတွဲမြို့နယ်တစ်လျှောက် လျှပ်စစ် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် လာမည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက် ပေးနိုင်ပါရန် သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျန်တော်ကတော့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း

ဖြစ်ပါတယ်။ ကျန်တော်တို့ ရခိုင်ပြည်နယ်ကို နိုင်ငံတော်အစိုးရက ၂၀၁၄ ခုနှစ်ကပဲ စပြီးတော့ နိုင်ငံတော်မှာ လျပ်စစ်ဓာတ်အားလိုင်းစနစ်ကနေ လျပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေပါတယ်။ ကျန်တော်တို့သံတွဲမြို့နယ်ကိုလည်း ၂၀၁၄ ခုနှစ် ဇွန်လကပဲစပြီးတော့ မဟာဓာတ်အားလိုင်းကနေ လျပ်စစ်ဓာတ်အားစနစ် သုံးစွဲနေပါတယ်။ အခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ သံတွဲမြို့ကနေပြီးတော့ ဂွမြို့နယ်၊ မိုင် ၄၀ ဝေးတဲ့ ကျိန္တလီမြို့ကို ၆၆ ကေဗွီဓာတ်အားလိုင်းစွဲဖို့အတွက် ဓာတ်အားလိုင်းမိုင် ၄၀ အတွက် သန်း ၄၀ ဓာတ်အားခွဲရုံနဲ့ ဆက်စပ်ပစ္စည်းတွေဝယ်ယူဖို့အတွက် ၁၅၅ သန်းကို ဘဏ္ဍာငွေလျာထားပြီးဖြစ်ပါတယ်။ အခုပွင့်လင်း ရာသီမှာ ဒီဘဏ္ဍာငွေနဲ့ ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများကို ဒီနှစ်အပြီးဆွဲမှာဖြစ်ပါတယ်။ ဒီတော့ ကျန်တော်တို့ သံတွဲမြို့ကနေ မိုင် ၄၀ ဝေးတဲ့ ကျိန္တလီမြို့ကို သွားတဲ့ ကားလမ်းတစ်လျောက်မှာရှိတဲ့ အဓိကရွာကြီးများဖြစ်တဲ့ ဇလွန်၊ ကျောက်ကြီး၊ ပုစွန်ပြေစတဲ့ ရွာတွေအပြင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရဲ့ သပြုချိုင်သဘောဘာဆိပ်၊ ပင်မရေငုပ်နဲ့ကယ်ဆယ်ရေးတပ်စခန်းရှိတဲ့ မောင်ရေလေး ကျေးရွာ၊ ဒီကျေးရွာတွေ၊ ဒီရေတပ်စခန်းရှိတဲ့ရွာဆိပ်ကမ်းတို့ အဓိကရွာကြီးတွေနဲ့ဆက်စပ်ပြီးတော့ ကားလမ်းတစ်လျောက် ဓာတ်အားလိုင်းသွားတဲ့လမ်းတစ်လျောက်မှာရှိတဲ့ ကျေးရွာငယ်တွေကိုပါ လာမယ့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ဆက်လက်ပြီးတော့ လျပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း လတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်သူ့လတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းဝ်ငြှပြည့်စုံပါစေလို ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျန်တော်ကတော့ လျပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေး ဖြစ်ပါတယ်။ ကျန်တော့်အနေနဲ့ ရခိုင်ပြည်နယ် သံတွဲမြို့နယ် ပြည်သူ့လတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း မေးမြန်းတဲ့ မေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ် သပြုချိုင်ကျေးရွာနဲ့ အနီးပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာ ဓာတ်အားရရှိရေးအတွက် ၆၆ ကေဗွီ ဓာတ်အားခွဲလိုင်း ၁၇ မိုင်နှင့် ဓာတ်အားခွဲရုံတစ်ရုံ နောက်တစ်ခါ ကျောက်ကြီးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာ ၅၅ ရွာ ဓာတ်အားရရှိရေးအတွက် ဓာတ်အား

လိုင်းနဲ့ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို မူလတုန်းက ယခုနှစ်ဘဏ္ဍာရေးနှစ်ထဲမှာပဲ တစ်ခါတည်းပါသွားစေ ချင်လို့ စတင်ပြီးတော့လျာထားခဲ့သော်လည်း ရန်ပုံငွေအကန့်အသတ်ကြောင့် ချန်ထားခဲ့ ရတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လတ်တော်ကိုယ်စားလှယ်ကြီး၏မေးခွန်းပါသံတွဲမြို့နယ်၊ ဇလွန်ကျေးရွာ၊ ကျောက်ကြီးကျေးရွာ၊ ပုစွန်ပြေကျေးရွာ၊ သပြုချိုင်ကျေးရွာနှင့်မောင်ရေလေးကျေးရွာများ လျပ်စစ်ဓာတ်အားရရှိရေးအတွက် သပြုချိုင်ကျေးရွာနှင့် ကျောက်ကြီးကျေးရွာမှာ ၁၆/၁၁ ကေဗွီ ၅၄ အမ်ဗွီအေ ဓာတ်အားခွဲရုံ ၂ ရုံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှာ ထည့်သွင်းလျာထားတင်ပြတောင်းခံသွားမှာဖြစ်ပြီးတော့ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ ၁၁ ကေဗွီဓာတ်အားလိုင်း ၁၁/၀.၄ ကေဗွီခွဲရုံငယ် များကိုတော့ သက်ဆိုင်ရာပြည်နယ်အစိုးရရဲ့ရန်ပုံငွေနဲ့ ဆက်လက်ဆောင်ရွက်ပေးသွားရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျနော် ဘတ်ဂျက်လျာထားချက်နဲ့ တစ်ပြိုင်နက်ထဲမှာပဲ သက်ဆိုင်ရာ ပြည်နယ်အစိုးရကိုလည်း ညှိနှိုင်းပြီးတော့ ဘတ်ဂျက်လျာထားပေးသွားဖို့တင်ပြသွားမှာ ပြောကြားသွားမှာဖြစ်ပါကြောင်း ကျနော့်ရဲ့ ဖြေကြားချက်ကို နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**အမျိုးသားလတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း လတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလတ်တော်သို့ ပေးပို့ထားသော တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၁၈-၈-၂၀၁၅ ရက်နေ့မှာ ပြည်သူ့လတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းကို လတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**မှုကြမ်း**

**ဥပဒေကြမ်းပူးပေါင်းကော်မတီက တင်သွင်းသည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းပူးပေါင်းကော်မတီက တင်သွင်းသည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၉)ရက်မြောက်နေ့ဖြစ်သော ၂၂-၇-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၄-၇-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၈၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၈၄)ရက်မြောက်နေ့ ကျင်းပမည့်နေရက်နှင့် အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၈၃)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၄)

ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၃)ရက်မြောက်နေ့ကို ၁၀း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]